**အမျိုးသားညီညွတ်ရေးအစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**ကြေညာချက်အမှတ် (၃၇ /၂၀၂၁)**

**၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်**

**ဆရာ၊ ဆရာမ၊ ဝန်ထမ်းများကို ဖိနှိပ်ခြိမ်းခြောက်လျက်ရှိသော Non-CDMဝန်ထမ်းများ နှင့် ပတ်သက်၍ ကြေညာချက်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာန အနေဖြင့် ပြည်သူ့အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM) ပြုလုပ်နေကြသော ဆရာ၊ဆရာမ၊ ဝန်ထမ်းများ၏ လူမှုဖူလုံရေးနှင့် လုံခြုံရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက် ရှိပါသည်။ CDM ပြုလုပ်နေကြသော ဆရာ၊ ဆရာမ၊ ဝန်ထမ်းများသည် နိုင်ငံနှင့်ပြည်သူကို သစ္စာစောင့်သိကြသော သူရဲကောင်းများဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် မေလ ၁၄ ရက် နေ့စွဲပါ စာအမှတ် (၈/၂၀၂၁) တွင် ဂုဏ်ပြုဖော်ပြခဲ့ပါသည်။

၂။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (CRPH) က ကြေညာချက်အမှတ် ၁၀/၂၀၂၁ ဖြင့် နိုင်ငံတော်၏အာဏာကို မတရားသိမ်းယူထားသည့် စစ်ကောင်စီကို အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာပြီးဖြစ်သည်။

၃။ ပြည်သူ့အစိုးရလက်ထက်က "COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်း အတိုးမဲ့ ချေးငွေ" ကိုလည်း ပြန်လည်ပေးဆပ်ရန်မလိုသည့် ချီးမြှင့်ငွေအဖြစ် သတ်မှတ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနက ကြေညာချက်အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။

၄။ အကြမ်းဖက် စစ်ကောင်စီ လက်အောက်ခံ ပညာရေး ဝန်ကြီးဌာန အကြီးအကဲများ နှင့် သင်ကြား၊ စီမံ ဝန်ထမ်းများသည် CDM လုပ်ဆောင်နေကြသော ဆရာ၊ ဆရာမ၊ ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကြပ်ကိုင်ဖိအားပေးခြင်းနည်းလမ်းများဖြင့် ဝန်ထမ်းအိမ်ရာများမှ ဖယ်ရှားစေခြင်း၊ ကျူးကျော် စီးနင်းဝင်ရောက်ခြင်း ပြည်သူ့အစိုးရလက်ထက်တွင် ပေးအပ်ခဲ့သော ဝန်ထမ်းချေးငွေကို ဖိအားပေး တောင်းဆိုခြင်း အစရှိသည်တို့ကို ကျူးလွန် ဆောင်ရွက်လျက်ရှိကြောင်းထင်ရှားစွာ တွေ့ရှိရပါသည်။

၅။ ထို့ကြောင့် အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီအုပ်စု၏ အမိန့်များ၊ ကြေညာချက်များ၊ ညွှန်ကြားချက်များနှင့် ၎င်းတို့လက်အောက်ခံ ပညာရေးဝန်ထမ်းများ၏ လုပ်ဆောင်မှုများသည် အကြမ်းဖက် စစ်ကောင်စီအုပ်စုကို အားပေးအားမြှောက်ဖြစ်စေသော ပြစ်မှုမြောက်သည့် လုပ်ရပ်များဖြစ်ပါသည်။ အကြမ်းဖက် စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ပူးပေါင်းအားပေး ဆောင်ရွက်နေသူများသည် နိုင်ငံနှင့်ပြည်သူအပေါ် သစ္စာစောင့်သိခြင်းမရှိဘဲ နိုင်ငံတော်ကို သစ္စာဖောက်သည့် ပြစ်မှုများကို ကျူးလွန်နေသူများဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်စစ်ကောင်စီနှင့် ပူးပေါင်းကာ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို နေအိမ် များမှ ဖယ်ရှားစေခြင်း၊ ပြန်လည်ပေးဆပ်ရန်မလိုတော့သည့် ချေးငွေများအားပေးဆပ်ရန် စစ်အာဏာရှင်အလိုကျ ဖိနှိပ်ခြိမ်းခြောက်ခြင်းပြုနေသော နိုင်ငံနှင့်ပြည်သူ့အပေါ် သစ္စာဖောက်သည့် ပညာရေးဝန်ထမ်းများအား နိုင်ငံဝန်ထမ်း ဥပဒေပုဒ်မ (၄၁) အရ ဖေဖော်ဝါရီလ(၁)ရက်နေ့မတိုင်မီ ၎င်းတို့၏ မူလရာထူးတာဝန်များမှ ထုတ်ပယ်လိုက်မည့်အပြင် မတရား အာဏာသိမ်းမှုနောက်ပိုင်း ၎င်းတို့ကထုတ်ယူထားသော ပြည်သူ့ဘဏ္ဍာများ၊ လစာများ၊ အာဏာအလွဲသုံးစားပြုမှုများကို တာဝန်ယူ၊ တာဝန်ခံရမည်ဖြစ်ပြီး ဥပဒေအရ ပေးအပ်သော ပြစ်ဒဏ်များကို ကျခံစေရမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

(ပုံ)

**ဒေါက်တာဇော်ဝေစိုး**

**ပြည်ထောင်စုဝန်ကြီး**

**ပညာရေးဝန်ကြီး ဌာန**

**အမျိုးသားညီညွတ်ရေးအစိုးရ**